**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကြော်ငြာစာအမှတ်( ၄၉ / ၂၀၂၀ )**

စာအမှတ်၊ တဆပ/ ဆ၀/ ၂၀၂၀ ( ၃၇၉၆ )

ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)နှင့် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်စာရင်း ထုတ်ပြန်ခြင်း။**

၁။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားလာသည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)နှင့် အထွေထွေပြောင်းလဲခွင့် ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်လိုင်စင်စိစစ်ရေးအဖွဲ့အစည်းအဝေး(၉/၂၀၂၀) ဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) (၁)စောင်၊ အထွေထွေပြောင်းလဲခြင်း(၁)စောင်၊ စုစုပေါင်း(၂)စောင်၏ လိုအပ်ချက်စာရင်းကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြော်ငြာလိုက်သည်။

၂။ ဤစာထုတ်ပြန်သည့် နေ့ရက်မှစ၍ (၃)လအတွင်း သက်ဆိုင်ရာလိုအပ်ချက်များကို ပေးပို့ဆောင်ရွက်ရန်နှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး (၄/၂၀၁၉) ဆုံးဖြတ်ချက်အရ **(၆)လအတွင်း ပေးပို့ဆောင်ရွက်ခြင်း မပြုပါက ပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါက မှတ်ပုံတင်/လိုင်စင်များပျက်ပြယ်ကြောင်း ကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

၃။ ဤကြော်ငြာစာအမှတ်ကို ရည်ညွှန်း၍ ပြင်ဆင်ပြီး တံဆိပ်(၃)စုံ၊ အခြားလိုအပ်ချက်များနှင့်အတူ ပိုင်ရှင်(သို့မဟုတ်)ကြီးကြပ်သူမှ လက်မှတ်ရေးထိုး၍ ပြင်ဆင်တင်ပြစာဖြင့် ပြန်လည်ပေးပို့ရမည် ဖြစ် ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ဥမ္မာမြတ်၊ အတွင်းရေးမှူး)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်လိုင်စင်စိစစ်ရေးအဖွဲ့

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအားလုံး

(သက်ဆိုင်ရာလုပ်ငန်းရှင်သို့ ဆက်လက်အကြောင်းကြားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန်)

ရုံးလက်ခံ/ မျှောစာတွဲ

DM

DTM